# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ကုန်သွယ်ရေးကော်ပိုရေးရှင်း ဘဏ် အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။]

တိုင်းပြည်တွင်စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာအောင် အားပေးချီးမြှင့်နိုင်မည့်အကျိုးကို မျှော်ရှုလျက်၊ ကိုယ်ပိုင်ငွေချေးစုဆောင်းရေးကို လှုံ့ဆော်အားပေးခြင်းနှင့် ထိုငွေချေးစုဆောင်းရငွေများကို ကုန်စည်ထုတ်လုပ်ရေး လုပ်ငန်းများတွင် သုံးစွဲခြင်းကိစ္စများဖြစ်မြောက်လွယ်ကူအောင်၊ နောက်ထပ်ကုန်သွယ်ရေးကော်ပိုရေးရှင်း ဘဏ်လုပ်ငန်းများစီမံထားရှိရန် လိုအပ်သည်ဖြစ်သောကြောင့်၊

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

အမည်တိုနှင့်စတင် အာဏာတည်ခြင်း။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ကုန်သွယ်ရေးကော်ပိုရေးရှင်း ဘဏ်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ် ဖေါ်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''ဘဏ်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရတည်ထောင်ထားသည့် နိုင်ငံတော် ကုန်သွယ်ရေးကော်ပိုရေးရှင်း ဘဏ်ကိုဆိုလိုသည်။

(ခ) ''ဒါရိုက်တာ'' ဆိုသည်မှာ၊ ပုဒ်မ ၁၀ အရ ဖွဲ့စည်းထားသည့် ဘဏ် ဒါရိုက်တာအဖွဲ့တွင် ပါဝင်သောဒါရိုက်တာကို ဆိုလိုသည်။

(ဂ) ''ပြည်ထောင်စုအစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုဆိုလိုသည်။

## အခန်း ၂။

### တည်ထောင်ခြင်း။

ဘဏ်တည်ထောင်ခြင်း။

၃။ ။(၁) ကုန်သွယ်ရေး ဘဏ်လုပ်ငန်းကို ဆောင်ရွက်ရန် နိုင်ငံတော်ကုန်သွယ်ရေးကော်ပိုရေးရှင်း ဘဏ်ဟုခေါ်တွင်ရမည့် ဘဏ်တခုကို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ၊ နိုင်ငံတော် သမတ က သတ်မှတ်သည့် နေ့ရက်တွင်တည်ထောင်ရမည်။

(၂) ဘဏ်သည်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်နိုင်ခွင့်နှင့်တကွ အမှတ်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

အဘိုး—၂၅ ပြား]

ရုံးချုပ်နှင့်ရုံးခွဲများ။

၄။ ။ဘဏ်၏ရုံးချုပ်ကို ရန်ကုန်မြို့တွင်ထားရှိရမည်။ ထို့ပြင် ဘဏ်သည်၊ ရုံးခွဲများနှင့်ကိုယ်စားလှယ်ဌာနများကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိအခြားအရပ်ဒေသများတွင် တည်ထောင်နိုင်သည်။

ရည်ရွယ်ချက်များ။

၅။ ။ဘဏ်၏ရည်ရွယ်ချက်များသည် အောက်ပါအတိုင်းဖြစ်ရမည်၊

(က) ချွေတာ စုဆောင်းရငွေများကို ကုန်စည်ဘုတ်လုပ်ရေး ကိစ္စအတွက် သုံးစွဲနိုင်ရန် ငွေအပ်သူများပြားလာအောင် ဆောင်ရွက်ရေး။

(ခ) ကူးသန်းရောင်းဝယ်မှု၊ စက်မှုလက်မှုနှင့်လယ်ယာလုပ်ကိုင်မှု ကိစ္စများအတွက် ချေးငွေစီမံထားရှိရေး။

(ဂ) ကုန်စည်ထုတ်လုပ်ရန်တိုးတက်ကောင်းမွန်သည့် နည်းသစ်များတည်ထွင်ခြင်းကိုအားပေးရေး။

(ဃ) နောက်ထပ်ချေးငွေ အမျိုးအစားများနှင့် ပိုမိုကျယ်ပြန့်သော ဘဏ်လုပ်ငန်းဆိုင်ရာလွယ်ကူမှုများစီမံထားရှိခြင်းအားဖြင့်၊ရှိရင်းကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းများကိုထပ်ဖြည့်ရေး၊ ထို့ပြင်

(င) ကူးသန်းရောင်းဝယ်ရေးဘဏ်အား အမှုကိစ္စများ ဆောင်ရွက်စေရန် အသုံးပြုသည့်အလေ့အထကို အားပေးရေး။

## အခန်း ၃။

### မ,တည်ငွေရင်း၊ သီးသန့်ငွေ၊ အမြတ်ဝေစုများ။

မ,တည်ငွေရင်း။

၆။ ။(၁) ဘဏ်၏ခွင့်ပြုထားသော မ,တည်ငွေရင်းမှာ၊ ကျပ်ပေါင်း ငါးကုဋေဖြစ်ရမည်။ ထိုငွေရင်းအတွက်အစု၂ယ်ယာ တခုလျှင် ကျပ်တရာကျဖြင့် သာမန်အစုရှယ်ယာ ငါးသိန်းထားရမည်။

ခြွင်းချက်။ ။သို့ရာတွင် ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ ဘဏ်၏ခွင့်ပြုထားသော မ,တည်ငွေရင်းကို၊ နိုင်ငံတော် သမတ ၏ သဘောတူညီချက်အရအထူးပြဋ္ဌာန်းချက်ဖြင့် တိုးနိုင်သည်၊ သို့တည်းမဟုတ် လျှော့နိုင်သည်။

(၂) ပြည်ထောင်စုအစိုးရသည်၊ သာမန်အစုရှယ်ယာ တသိန်းထည့်ဝင်ရမည်။ ထိုသို့ထည့်ဝင်သည့်ငွေကို၊ ဘဏ်တည်ထောင်သည့်အခါ အပြည့်ထုတ်ပေးရမည်။

(၃) နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့် ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အချိန်တွင် သတ်မှတ်သည့်နည်းလမ်းအတိုင်း ငွေအပြည့်ပေးပြီးသော ကျန်အစုရှယ်ယာ လေးသိန်းကိုထုတ်ပေးနိုင်သည်။

(၄) အစုရှင်များ၏ကြွေးမြီတာဝန်ကို ကန့်သတ်ထားသည်။

(၅) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်လျှင်၊ သို့တည်းမဟုတ် မည်သည့်တရားဝင်အဖွဲ့မဆို၊ ၎င်း၏ထည့်ဝင်ပြီး မ,တည်ငွေရင်းအနက် ရာခိုင်နှုန်းခြောက်ဆယ်အောက်လျော့သော ငွေရင်းကိုပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားများပိုင်ဆိုင်လျှင်၊ ထိုသူ၌၊ သို့တည်းမဟုတ် ထိုအဖွဲ့၌၊ ဘဏ်၏အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်မရှိစေရ။

(၆) မည်သူမဆို၊ ပဋိညာဉ်စာချုပ်တခုခုကို ချုပ်ဆိုနိုင်သည့်ချေးရည်အချင်းမရှိလျှင်၊ ထိုသူ၌ဘဏ်၏အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်မရှိစေရ။

သီးသန့်ငွေ။

၇။ ။(၁) သီးသန့်ရံပုံငွေကို တည်ထောင်ထားရှိ၍၊ ဘဏ်၏လက်ကျန်ငွေစာရင်းရှင်းတမ်းတွင်၊ ထိုသီးသန့်ရံပုံငွေကို သီးခြားဖော်ပြရမည်။

(၂) ပြည်ထောင်စုအစိုးရသည်၊ အစကနဦးက အစုရှယ်ယာတသိန်းထည့်ဝင်ထားသည့် မ,တည်ငွေရင်း၏ ရာခိုင်နှုန်းနှစ်ဆယ်နှင့်ညီမျှသောငွေကို၊ ထိုသီးသန့်ရံပုံငွေသို့ ပေးသွင်းရမည်။

(၃) သီးသန့်ရံပုံငွေမှာ၊ ဘဏ်၏ထည့်ဝင်ပြီး မ,တည်ငွေရင်းအောက် နည်းသျက်ရှိသမျှကာလပတ်လုံး၊ အမြတ်ဝေစုတခုခုကို မထုတ်ပေးမီ၊ ဘဏ်အသားတင်အမြတ်ငွေများ၏ ရာခိုင်နှုန်းနှစ်ဆယ်နှင့် ညီမျှသောငွေကို၊ ထိုသီးသန့်ရံပုံငွေသို့နှစ်စဉ်လွှဲပေးရမည်။

(၄) ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ ပုဒ်မခွဲ (၃) အရ လွှဲပေးရမည့်ငွေအပြင်၊ သီးသန့်ရံပုံငွေသို့၊ အသားတင်အမြတ်ငွေများထဲမှ လိုအပ်သည်ဟုထင်မြင်သည့်ငွေများကိုလည်း လွှဲပေးနိုင်သည်။

(၅) ခွဲဝေရသေးသည့် အမြတ်ငွေများထဲမှ မကျခံနိုင်သောဘဏ်၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အသားတင်ဆုံးရှုံးငွေများကို ကျခံရန်၊ သီးသန့်ရံပုံငွေကိုသုံးစွဲနိုင်သည်။

အမြတ်ဝေစုများ။

၈။ ။(၁) ပုဒ်မ ၇၊ ပုဒ်မခွဲ (၃) နှင့် (၄) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီးနောက်၊ ကျန်ရှိသည့် အသားတင်အမြတ်ငွေများကို၊ ဘဏ်ဒါရိုက်တာအဖွဲ့၏ သဘောအရ အောက်ပါအတိုင်း ခွဲဝေပေးနိုင်သည်။

(က) အစုရှင်များကို လက်ငင်း အမြတ်ဝေစု၊ သို့တည်းမဟုတ် ဆုငွေအဖြစ်ဖြင့် ခွဲဝေပေးခြင်း၊ ထို့ပြင်၊ သို့တည်းမဟုတ်

(ခ) အမြတ်ဝေစုများ တညီတည်းဖြစ်စေခြင်းအလို့ငှါလည်းကောင်း၊ ဘဏ်ဒါရိုက်တာအဖွဲ့ကသင့်သည်ဟု ထင်မြင်သည့် အခြားကိစ္စများအလို့ငှါလည်းကောင်း၊

အသုံးပြုရန် မခွဲဝေရသေးသော အမြတ်ငွေစာရင်းသို့ လွှဲပေးခြင်း။

(၂) အမြတ်ဝေစုကို၊ သို့တည်းမဟုတ် ဆုငွေကို အသားတင်အမြတ်ငွေများထဲမှသာထုတ်ပေးရမည်။

## အခန်း ၄။

## စီမံအုပ်ချုပ်ခြင်း။

ဘဏ် ဒါရိုက်တာ အဖွဲ့၏ တာဝန်ဝတ္တရားများ။

၉။ ။ဘဏ်၏အာဏာများနှင့် တာဝန်ဝတ္တရားများသည်၊ ဘဏ်ဒါရိုက်တာအဖွဲ့၌တည်ရှိရမည်။ ထို့ပြင်၊ ဘဏ်ဒါရိုက်တာအဖွဲ့၌ဘဏ်၏လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီရင် အုပ်ချုပ်ရာတွင်လည်းကောင်း၊ စည်းကမ်းစံနစ်မှုသဘောကိုချမှတ်ရန်နှင့် ကြပ်မတ်ကြည့်ရှုရန် တာဝန်ရှိရမည်။

ဘဏ်ဒါရိုက်တာ အဖွဲ့ဖွဲ့စည်းခြင်း။

၁၀။ ။(၁) ဘဏ်ဒါရိုက်တာ အဖွဲ့တွင် အောက်ဖော်ပြပါ ဒါရိုက်တာများ ပါဝင်ရမည်။

(က) နိုင်ငံတော် သမတက ခန့်ထား သော ဒါရိုက်တာခြောက်ဦး။

ခြွင်းချက်။ ။သို့ရာတွင် ကိုယ်ပိုင်အစုရှင်များ၌၊ ထည့်ဝင်ပြီး စုစုပေါင်း မ, တည်ငွေရင်း၏ ခြောက်ပုံတပုံနှင့် ညီမျှသော မိမိတို့ပိုင် အစုရှယ်ယာ ပေါင်း စုတစုလျှင်၊ ဒါရိုက်တာတဦးကျ ရွေးကောက် တင်မြှောက် ပိုင်ခွင့်ရှိရမည်။ ထိုသို့ရွေးကောက် တင်မြှောက်သည့်ကိစ္စကို၊ ပုဒ်မ ၂၇ အရ၊ နိုင်ငံတော်သမတက ပြုသည့် နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ရမည့်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏အထွေထွေမန်နေဂျာ၊ သို့တည်း မဟုတ် အထွေထွေမန်နေဂျာမရှိလျှင်၊ ဒုတိယအထွေထွေမန်နေဂျာ။

(၂) နိုင်ငံတော်သမတသည်၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို၊ ဒါရိုက်တာများထဲမှ၊ သုံးနှစ်ထက်မပိုသော သက်တမ်းအတွက် ခန့်ထားရမည့်ပြင်၊ ထိုဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို ပြန်လည်ခန့်ထားနိုင်သည်။

(၃) ပုဒ်မခွဲ(၂)တွင် မည်သို့ပင် ပါရှိစေကာမူ၊ ဘဏ်အလုပ်ကိစ္စ အချိန်ပြည့် ဆောင်ရွက်ရမည့် ဥက္ကဋ္ဌကို၊ နိုင်ငံတော်သမတက မိမိသင့်တော်သည်ဟု သတ်မှတ်သည့် အချိန်ကာလများအတွက် ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားခြင်းခံရသည့် ဥက္ကဋ္ဌသည်၊ ဘဏ်၏ အလုပ်ကိစ္စကိုသာ အချိန်လုံးလုံးပေး၍ ဆောင်ရွက်ရမည်။ ထို့ပြင်၊ နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့်၊ ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် လစာနှင့် စရိတ်ကြေးငွေများကို ဘဏ်မှရရှိရမည့်ပြင်၊ ယင်းသို့သတ်မှတ်သည့် အမှုထမ်းစည်းကမ်း များကိုလည်း လိုက်နာရမည်။ ပုဒ်မ ၂၀ အရ၊ ဘဏ်ဒါရိုက်တာအဖွဲ့က ပြုထားသော စည်းမျဉ်းဥပဒေများတွင် ဆန့်ကျင်သောအချက်များ မရှိပါက၊ ဘဏ်ဒါရိုက်တာအဖွဲ့က လုပ်ဆောင်ခွင့်ရှိသည့် ဘဏ်လုပ်ငန်းအားလုံးကို၊ အဆိုပါအချိန်ပြည့်ဆောင်ရွက်ရသည့် ဥက္ကဋ္ဌကဆောင်ရွက်ရန်၊ ထိုဥက္ကဋ္ဌ၌ အာဏာလုံးဝရှိစေရမည်။

ဒါရိုက်တာ များ၏ ရာထူး သက်တမ်း။

၁၁။ ။(၁) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင် ဖော်ပြသော ဒါရိုက်တာမှ တပါး၊ အခြားဒါရိုက်တာ အသီးသီးသည် သုံးနှစ်ရာထူးယာက်ရှိဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ၊ ပဌမခန့်ထားပြီးသော ဒါရိုက်တာခြောက်ဦးအနက်၊ နှစ်ဦးသည် တနှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း၊အခြားနှစ်ဦးသည် နှစ်နှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း၊ ကျန်နှစ်ဦးသည် သုံးနှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း ရာထူးမှထွက်ရမည်ဖြစ်၍၊ တနှစ် ကုန်ဆုံးသည့်အခါ ထွက်ရမည့်ဒါရိုက်တာများနှင့် နှစ်နှစ်ကုန်ဆုံးသည့်အခါ ထွက်ရ မည့် ဒါရိုက်တာများကို မဲချ၍ဆုံးဖြတ်ရမည်။

(၂) ရာထူးမှထွက်ရသော ဒါရိုက်တာတဦး၌၊ထပ်မံခန့်ထားခြင်းကို၊ သို့တည်း မဟုတ် ထပ်မံရွေးကောက်တင်မြှောက်ခြင်းကို ခံနိုင်ခွင့်ရှိရမည်။

ဒါရိုက်တာ အဖြစ် ခန့်ထားရန် အတွက် အရည်အချင်းပျက်ယွင်းခြင်း။

၁၂။ ။အောက်ဖော်ပြပါ မည်သူ့ကိုမျှ၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ၊ ဒါရိုက်တာအဖြစ် ခန့်ထားခြင်း၊ သို့တည်းမဟုတ် ရွေးကောက်တင်မြှောက်ခြင်းမပြုရ။

(က) ပြည်ထောင်စု အစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင် အစိုးရ၏၊ သို့တည်းမဟုတ် ဒေသန္တရအဖွဲ့၏၊သို့တည်းမဟုတ် နိုင်ငံတော်လုပ်ငန်းအဖွဲ့၏လခစား ရာထမ်း မှုထမ်း၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုလွှတ်တော်အမတ်၊ သို့တည်းမဟုတ်

(ဂ) ကိုယ်ပိုင်ကူးသန်းရောင်းဝယ်ရေးဘဏ်တခုခုမှ ဒါရိုက်တာ၊ သို့တည်း မဟုတ် ရာထမ်း မှုထမ်း၊ သို့တည်းမဟုတ်

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံရသူ၊ သို့တည်းမဟုတ် ကြွေးမြီ ပေးဆပ်ခြင်းကို ရပ်ဆိုင်းထားသူ၊ သို့တည်းမဟုတ် မိမိ၏မြီရှင်များ နှင့်စေ့စပ်သူ၊ သို့တည်းမဟုတ်

(င) ကိုယ်ပိုင်အစုရှင်များက ရွေးကောက်တင်မြှောက်သူဖြစ်လျှင်၊ဘဏ်တွင် ကြွေးမြီတာဝန်ကင်းသော အစုရှယ်ယာ အနည်းဆုံး တရာကို ပိုင်ဆိုင်သူ၊ သို့တည်းမဟုတ်

(စ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်သူ။

<u>ခြွင်းချက်။</u> ။သို့ရာတွင် နိုင်ငံတော် သမတသည်၊ စာဖြင့် အကြောင်းထူးများ ရေးသားဖော်ပြ၍ မည်သူကိုမဆို၊ အပိုဒ် (က) နှင့် (ခ) ၏ ပြဋ္ဌာန်းချက်များမှ ကင်း လွတ်ခွင့်ပေးနိုင်သည်။

ဒါရိုက်တာက ရာထူး ရှုံးလွတ်ခြင်း။

၁၃။ ။ဒါရိုက်တာတဦးသည်—

(က) ပုဒ်မ ၁၂ တွင် ဖော်ပြပါရှိသည့်အတိုင်း အရည်အချင်း ပျက်ယွင်းသည့် အခြေသို့ ကျရောက်ခဲ့လျှင်၊ သို့တည်းမဟုတ်

(ခ) ဘဏ်ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ၊ ဘဏ်ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကို သုံးလလုံးလုံး ဆက်၍ မတက်ရောက်လျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိ၏ တာဝန် ဝတ်တရားများကို ထာဝစဉ် မထမ်းဆောင်နိုင်လျှင်၊ သို့တည်းမဟုတ်

(ဃ) နိုင်ငံတော်သမတထံသို့ စာဖြင့်ရေးသား၍ မိမိ၏ရာထူးမှ နုတ်ထွက် ခဲ့လျှင်

ဒါရိုက်တာရာထူးမှ ရပ်စဲခဲ့သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြေညာရမည်။

ဒါရိုက်တာ ရာထူးမှ ထုတ်ပယ်ခြင်း။

၁၄။ ။(၁) နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ မိမိခန့်ထားသည့် ဒါရိုက်တာတဦးအား၊ ဒါရိုက်တာ အဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့်လျော်ဟုယူဆသည့် အခါ၊ ဒါရိုက်တာရာထူးမှထုတ်ပယ်ရမည်။

(၂) ကိုယ်ပိုင်အစုရှင်များရှိလျှင်၊ ထိုကိုယ်ပိုင်အစုရှင်များသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ မိမိတို့ရွေးကောက်တင်မြှောက်ထားသည့် ဒါရိုက်တာတဦးကို သုံးပုံနှစ်ပုံမဲပေး၍ချမှတ်သည့်အထူးဆုံးဖြတ်ချက်ဖြင့် ရာထူးမှထုတ်ပယ်နိုင်သည်။

**လစ်လပ်နေသောရာထူးများ။**

၁၅။ ။ဘဏ်ဒါရိုက်တာအဖွဲ့တွင်၊ ဒါရိုက်တာတဦးဦး သေဆုံးသွား၍ဖြစ်စေ၊ ရာထူးမှနုတ်ထွက်သွား၍ဖြစ်စေ၊ အရည်အချင်း ပျက်ယွင်း၍ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်းခံရ၍ဖြစ်စေ၊ လစ်လပ်နေသောရာထူး၌ သက်ဆိုင်ရာဒါရိုက်တာ၏ ကျန်ရှိနေသေးသော ရာထူးသက်တမ်းအတွက် အောက်ပါအတိုင်းဖြည့်စွက်ရမည်။

(က) နိုင်ငံတော်သမတ က ခန့်ထားသည့် ဒါရိုက်တာဖြစ်လျှင်၊ နိုင်ငံတော်သမတ က ခန့်ထား၍ဖြည့်စွက်ရမည်။ သို့တည်းမဟုတ်

(ခ) ကိုယ်ပိုင်အစုရှင်များကရွေးကောက်တင်မြှောက်ထားသည့်ဒါရိုက်တာဖြစ်လျှင်၊ ရာထူးလစ်လပ်သည့်နေ့မှစ၍ သုံးလအတွင်း ရွေးကောက်တင်မြှောက်၍ ဖြည့်စွက်ရမည်။

**ဒါရိုက်တာများ၏တာဝန်။**

၁၆။ ။ဘဏ်မှာနစ်နာမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုတခုခုကို ခံရခဲ့သည်ရှိသော်၊ ထိုသို့ခံရသောနစ်နာမှုသည်၊ သို့တည်းမဟုတ် ဆုံးရှုံးမှုသည်၊ သက်ဆိုင်ရာ ဒါရိုက်တာ၏ တာဝန်ဝတ်တရား ပေါ့လျော့မှုကြောင့်သော်၎င်း၊ အကျင့်သိက္ခာပျက်ပြားမှုကြောင့်သော်၎င်း၊ တမင်ပျက်ကွက်မှုကြောင့်သော်၎င်း မဟုတ်လျှင်၊ ထိုနစ်နာမှုအတွက်၊ သို့တည်းမဟုတ်ထိုဆုံးရှုံးမှုအတွက်မည်သည့် ဒါရိုက်တာ၌မျှ တာဝန်မရှိစေရ။

**အဖွဲ့၏ အစည်းအဝေးများ။**

၁၇။ ။(၁) ဘဏ်ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများကို၊ တလလျှင် အနည်းဆုံး နှစ်ကြိမ်ကျ ကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌမရှိလျှင်၊ ဒုတိယဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဒါရိုက်တာနှစ်ဦးသည်၊ မည်သည့်အချိန်ကာလ၌မဆို၊ ဘဏ်ဒါရိုက်တာအဖွဲ့၏အစည်းအဝေးကို ကျင်းပစေနိုင်သည်။

(၃) ဒါရိုက်တာလေးဦးတက်ရောက်လျှင်၊ အစည်းအဝေး အထမြောက်ရမည်။

(၄) ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌမရှိလျှင်၊ ဒုတိယဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် နှစ်ဦးစလုံးမရှိလျှင်၊ အစည်းအဝေးတက်ရောက်သည့်ဒါရိုက်တာများက ရွေးကောက်တင်မြှောက်သည့် ဒါရိုက်တာတဦးသည်၊ ဘဏ်ဒါရိုက်တာအဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ်ဆောင်ရွက်၍ မဲအရေအတွက်တူညီနေသောအခါ၊ သဘာဝတိ၌ ထပ်ဆင့်မဲ၊ သို့တည်းမဟုတ် အနိုင်မဲ ပေးနိုင်ခွင့်ရှိရမည်။

**ဘဏ်အရာရှိများ။**

၁၈။ ။(၁) ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ ဘဏ်၏ တာဝန်ဝတ်တရားများ ကျေပွန်အောင်ဆောင်ရွက်ရန် အထွေထွေမန်နေဂျာတဦးနှင့် လိုအပ်သည့်အခြား ရာထမ်း မှုထမ်းများကို ခန့်ထားရမည်။

(၂) အထွေထွေမန်နေဂျာသည်၊ ဘဏ်စီရင်အုပ်ချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအတွက် တိုက်ရိုက်တာဝန်ခံအုပ်ချုပ်ရေးမှူးဖြစ်ရမည်။

ရာထမ်းမှုထမ်းများ၏ တာဝန်။

၁၉။ ဘဏ်မှာ နစ်နာမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုတစုစုကို ခံရခဲ့သည်ရှိသော်၊ ထိုသို့ခံရသောနစ်နာမှုသည်၊ သို့တည်းမဟုတ် ဆုံးရှုံးမှုသည်၊ ဘဏ်ဆိုင်ရာ ရာထမ်း မှုထမ်း၏တာဝန်ဝတ္တရားပေါ့လျော့မှုကြောင့်သော်၎င်း၊ အကျင့်သိက္ခာပျက်ပြားမှုကြောင့် သော်၎င်း၊ တမင်ပျက်ကွက်မှုကြောင့်သော်၎င်း မဟုတ်လျှင်၊ ထိုနစ်နာမှုအတွက်၊ သို့တည်း မဟုတ် ထိုဆုံးရှုံးမှုအတွက် ဖြစ်သည့် ရာထမ်း မှုထမ်း၌မျှ တာဝန်မရှိစေရ။

## အခန်း ၅။

## ဘဏ်လုပ်ငန်းများ။

ဘဏ်လုပ်ငန်းများ။

၂၀။ ပုဒ်မ ၂၁ ပါ ချုပ်ချယ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ ၎င်းပုဒ်မတွင် သီးခြား ဖော်ပြထားသည့် အလုပ်ကိစ္စအမျိုးမျိုးပါဝင်သော အထွေထွေ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ရန် ဘဏ်အား အာဏာအပ်နှင်းထားသည်။

(၁) အပ်ငွေများကို ဘဏ်ဒါရိုက်တာအဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များအရ လက်ခံရန်။

(၂) အာမခံဖြင့်ဖြစ်စေ၊ အာမခံမရှိဘဲဖြစ်စေ၊ ချေးငွေများနှင့် ထုတ်ပေးငွေများကို ထုတ်ပေးရန်၊ သို့တည်းမဟုတ် စာရင်းရှိငွေထက် ပိုထုတ်ငွေများကိုထုတ်ခွင့်ပြုရန်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ ငွေထုတ်ပေးရမည့်ငွေပေးအမိန့်လက်မှတ်များနှင့် အခြားစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးရန်၊ လက်ခံရန်၊ လျှော့နှုန်းဖြင့်ငွေလဲရန်၊ ဝယ်ယူရန်နှင့်ရောင်းချရန်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် နိုင်ငံခြားသုံးငွေများကို ရောင်းဝယ်ဖေါက်ကားရန်။

(၄) ငွေလွှဲစာများကို လက်မှတ်ရေးထိုးရန်နှင့် ယုံကြည်မှုဖြင့် ငွေထုတ်နိုင်စေမည့်စာများ (Letters of Credit) ကို ထုတ်ပေးရန်။

(၅) ပြည်ထောင်စုအစိုးရက၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင် အစိုးရက၊ သို့တည်းမဟုတ် ပြည်ထောင်စုအစိုးရဖွဲ့စည်းထားသည့် ပြည်သူ့အာဏာပိုင်အဖွဲ့က ထုတ်သော၊ သို့တည်းမဟုတ် အာမခံသောအပေါင်စာချုပ်များ၊ ဒီဘင်ချာစာချုပ်များ၊ ခံဝန်ချုပ်များနှင့် အခြားငွေချေးသက်သေခံ လက်မှတ်များကိုဝယ်ရန်၊ ရောင်းရန်၊ ရင်းနှီးရန်နှင့် ရောင်းဝယ်ဖေါက်ကားရန်။

(၆) ချေးငွေများအတွက်၊ သို့တည်းမဟုတ် ထုတ်ပေးငွေများအတွက်၊ သို့တည်းမဟုတ် စာရင်းရှိငွေထက် ပိုထုတ်ငွေများအတွက် အာမခံအဖြစ်ဘဏ်သို့ ပေါင်နှံပြီးနောက်၊ သို့တည်းမဟုတ် လွှဲအပ်ပြီးနောက်၊ ထိုသို့ပေါင်နှံလွှဲအပ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးယူသင့်သောအချိန်တွင် မရွေးယူဘဲထားသည့် ပစ္စည်း၊ ကုန်စည်၊ လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းနှင့် အခြားအာမခံများကိုရောင်းရန်၊ သို့တည်းမဟုတ် လက်ရှိထားရန်။

(၇) ပြည်ထောင်စုအစိုးရက၎င်း၊ ပြည်ထောင်စုအဖွဲ့ဝင် အစိုးရက၎င်း၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းထားသည့် ပြည်သူ့အာဏာပိုင်အဖွဲ့က၎င်း၊ အပ်နှံသည့်ငွေများကိုလက်ခံရန်၊ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏ ရုံးခွဲသော်၎င်း၊ ကိုယ်စားလှယ်ဌာနသော်၎င်း မရှိသည့်အရပ်ဒေသများတွင်၊ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်အစိုးရတို့၏ ဘဏ္ဍာရေးကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်ရန်။

(၈) ရွှေနှင့် ငွေကိုဝယ်ရန်နှင့် ရောင်းရန်။

(၉) အာမခံဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လျှော်ကြေး ပဋိညာဉ်စာချုပ်ကိုသော်၎င်း၊ အာမခံပဋိညာဉ်စာချုပ်ကိုသော်၎င်း ချုပ်ဆိုရန်။

(၁၀) ဘဏ်၏လုပ်ငန်းများကို ဆောင်ရွက်ရန်ကိစ္စအလို့ငှါ ငွေချေးယူရန်နှင့် ထိုသို့ချေးယူသည့်ငွေများအတွက် မိမိ၏ပစ္စည်းများကိုအာမခံအဖြစ်ဖြင့်ပေါင်နှံရန်။

(၁၁) အမွေပစ္စည်းများကို စီမံအုပ်ချုပ်ရာတွင်၎င်း၊ အမွေခံအမွေစားတို့အား သတ်မှတ်ချထား ပေးရာတွင်၎င်း၊ သေတမ်းစာ အတည်ပြုသူ၊ သို့တည်းမဟုတ် ယုံကြည်အပ်နှံခံရသူအဖြစ်ဖြင့်၎င်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့်ဆောင်ရွက်ရန်။

(၁၂) ငွေကြေးလုပ်ငန်းများတွင်၎င်း၊ ငွေချေးသက်သေခံ လက်မှတ်များနှင့် အစုရှယ်ယာများရောင်းဝယ်ခြင်းတွင်၎င်း၊ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန်။

(၁၃) ချေးငွေများ၊ ဒီဘင်ချာစာချုပ်များနှင့် အစုရှယ်ယာများ ထုတ်ရာ၌၊ အာမခံခြင်း၊ သို့တည်းမဟုတ် စေ့စပ်ပြောဆိုခြင်း၊ သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းများပြုလုပ်ရန်။

(၁၄) ဘဏ်လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လူနေအိမ်နှင့်လုပ်ငန်းဥပစာများကိုရယူရန်၊ စီမံထားရှိရန်နှင့် ရောင်းချရန်။

(၁၅) လုံခြုံစွာထိန်းသိမ်းရန်ပေးအပ်သော ကျောက်မျက်ရတနာ၊ ရွှေ၊ ငွေ၊ ငွေချေးသက်သေခံလက်မှတ်များနှင့် အခြားအဘိုးတန်ပစ္စည်းများကို ဘဏ်ဒါရိုက်တာအဖွဲ့ကသတ်မှတ်သည့်စည်းကမ်းချက်များအရလက်ခံရန်။

(၁၆) ဘဏ်ဒါရိုက်တာအဖွဲ့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၏ သဘောတူညီချက်အရ၊ အခြားဘဏ်တခုခုသို့၊ ထိုအခြားဘဏ် မဖျက်သိမ်းရအောင်၊ သို့တည်းမဟုတ် ထိုအခြားဘဏ်ဖျက်သိမ်းရန် လွယ်ကူအောင်၊ ချေးငွေအဖြစ်ဖြင့်၎င်း၊ ထုတ်ပေးငွေအဖြစ်ဖြင့်၎င်း၊ ငွေချေးငှါးရန်၊ သို့တည်းမဟုတ် ထိုအခြားဘဏ်၏ ပစ္စည်းများ၊ ကြွေးမြီတာဝန်များနှင့် မ,တည်ငွေရင်းကိုသိမ်းပိုက်ရန်။ ထို့ပြင်

(၁၇) ကုန်သွယ်ရောင်းဝယ်ရေး ဘဏ်လုပ်ငန်းကို အားပေးချီးမြှင့်ခြင်း၏ အကြောင်းနှင့်ဆက်စပ်နေသော၊ သို့တည်းမဟုတ် အထောက်အပံ့ဖြစ်သောအခြားကိစ္စအရပ်ရပ်ကိုဆောင်ရွက်ရန်။

၂၁။ ။(၁) ဘဏ်၌ထုတ်ပေးငွေကို၊ သို့တည်းမဟုတ် ချေးငွေကို၊ သို့တည်းမဟုတ် စာရင်းရှိငွေထက် ပိုထုတ်ငွေကို——

ချုပ်ချယ်ချက်များ။

(က) ပြည်ထောင်စုအစိုးရအားသော်၎င်း၊ ပြည်ထောင်စုအဖွဲ့ဝင်အစိုးရအားသော်၎င်း၊ ဒေသန္တရအာဏာပိုင်အားသော်၎င်း၊

(ခ) ဘဏ်အစုရှယ်ယာများကို အာမခံအဖြစ်ယူ၍သော်၎င်း၊

(ဂ) ဒါရိုက်တာတဦးဦးအားဆိုရောက်အား၊ သို့တည်းမဟုတ်၊ ထိုဒါရိုက်တာ၏ ဇနီးအားသော်၎င်း၊ ထိုဒါရိုက်တာက၊ သို့တည်းမဟုတ် ထိုဒါရိုက်တာ၏ ဇနီးက အစုစပ်ပါဝင်သူအဖြစ်ဖြင့်၊ သို့တည်းမဟုတ် ဒါရိုက်တာအဖြစ်ဖြင့်၊ သို့တည်းမဟုတ် အရာရှိအဖြစ်ဖြင့်၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်သည့်ကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်သည့် ကုန်တိုက်များအား၊ သို့တည်းမဟုတ် ကုမ္ပဏီများအားသော်၎င်း၊ ထိုဒါရိုက်တာက၊ သို့တည်းမဟုတ် ထိုဒါရိုက်တာ၏ ဇနီးကအာမခံသည့်

ပုဂ္ဂိုလ်အား၊ သို့တည်းမဟုတ် ကုန်တိုက်အား၊ သို့တည်းမဟုတ် ကုမ္ပဏီအားသော်၎င်း၊ အဆိုပါချေးငွေအတွက်၊ သို့တည်းမဟုတ် ထုတ်ပေးငွေအတွက်၊ သို့တည်းမဟုတ် စာရင်းရှိငွေထက်ပိုထုတ်ငွေများအတွက်အာမခံအပြည့်မပေးလျှင်၊ ထို့ပြင်အစည်းအဝေးတက်ရောက်သည့်အခြားဒါရိုက်တာများက၊ ထိုငွေများထုတ်ပေးရန်တညီတညွတ်တည်း မဲပေး၍သဘောမတူလျှင်၊

(သ) နိုင်ငံရေးပါတီ၊ အဖွဲ့၊ အစည်းအရုံး၊ သို့တည်းမဟုတ် အသင်းအားသော်၎င်း၊ ပုဂ္ဂိုလ်တဦးတယောက်အား သော်၎င်း၊ နိုင်ငံရေးကိစ္စများအလို့ငှါ

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထုတ်ပေးရန် အခွင့်အာဏာမရှိစေရ။

(၂) သုံးနှစ်ကျော်မှပေးဆပ်ရန် အချိန်စေ့မည်ဖြစ်သော ချေးငွေများ၊ ထုတ်ပေးငွေများနှင့် စာရင်းရှိငွေထက်ပိုထုတ်ငွေများမှာ၊ မည်သည့်အချိန်တွင်မဆို မပေးဆပ်ရသေးဘဲကျန်ရှိနေလျှင်၊ ထိုသို့ကျန်ရှိနေသည့် ငွေစုစုပေါင်းသည်၊ ဘဏ်၏ ထည့်ဝင်ပြီး မ,တည်ငွေရင်းနှင့် သီးသန့်ငွေ၏ လေးပုံတပုံ၊ သို့တည်းမဟုတ် ဘဏ်တွင်အချိန်စေ့မှပြန်ပေးရမည့် အပ်ငွေစုစုပေါင်း၏သုံးပုံနှစ်ပုံ၊ ထိုငွေနှစ်ရပ်အနက် များရာငွေထက်မပိုစေရ။

(၃) ငွေချေးယူသူတဦးတည်းအားထုတ်ပေးထားသည့်ချေးငွေများ၊ ထုတ်ပေးငွေများနှင့်စာရင်းရှိငွေထက်ပိုထုတ်ငွေများမှာ၊ မည်သည့်အခါမဆို မပေးဆပ်ရသေးဘဲကျန်ရှိနေလျှင်၊ ထိုသို့ကျန်ရှိနေသည့်ငွေစုစုပေါင်းသည်၊ ဘဏ်တွင်ထည့်ဝင်ပြီး မ,တည်ငွေရင်း၏ ရာခိုင်နှုန်းတဆယ်ထက်မပိုစေရ။

(၄) မည်သည့်အခါမဆိုမပေးဆပ်ရသေးဘဲ ကျန်ရှိနေသည့်ချေးငွေ၊ ထုတ်ပေးငွေနှင့် စာရင်းရှိငွေထက်ပိုထုတ်ငွေစုစုပေါင်းသည်၊ ဘဏ်တွင်ထည့်ဝင်ပြီး မ,တည်ငွေရင်းနှင့်အပ်ငွေများ၏ ရာခိုင်နှုန်းခြောက်ဆယ်ထက်မပိုစေရ။

(၅) ကျပ်တသိန်းထက်ပိုသော ချေးငွေကို၊ သို့တည်းမဟုတ် ထုတ်ပေးငွေကို၊ သို့တည်းမဟုတ် စာရင်းရှိငွေထက်ပိုထုတ်ငွေကို အာမခံမရှိဘဲ မထုတ်ပေးရ။

(၆) ဘဏ်သည်၊ မိမိ၏အစုရှယ်ယာများကိုဝယ်ခြင်း၊ သို့တည်းမဟုတ် ရောင်းဝယ်ဖေါက်ကားခြင်းမပြုရ။

(၇) ဘဏ်သည်၊ မြန်မာနိုင်ငံအတွင်း ကိုယ်ပိုင်လုပ်ငန်းတွင် အစုစပ်ပါဝင်ခြင်းကိုသော်၎င်း၊ ထိုကိုယ်ပိုင် လုပ်ငန်းအတွက် စီမံအုပ်ချုပ်သည့် ကိုယ်စားလှယ် အဖြစ်ဆောင်ရွက်ခြင်းကိုသော်၎င်း မပြုရ။

## အခန်း ၆။

### အထွေထွေ။

၂၂။ ။(၁) ဘဏ်၏ အဆင့်အတန်းသည် ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အခြားကူးသန်းရောင်းဝယ်ရေးဘဏ် တခုခု၏ အဆင့်အတန်းနှင့်ထပ်တူထပ်မျှဖြစ်ရမည်။

ပြည်ထောင်စု မြန်မာ နိုင်ငံတော် ဘဏ် နှင့် ဆက်ဆံရေး။

(၂) ဘဏ်သည်၊ အခြားကူးသန်းရောင်းဝယ်ရေးဘဏ်များကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၏ အစစ်အဆေးကို ခံရမည့်ပြင်၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၏ သီးသန့်ငွေလိုအပ်ချက်များ၊ နည်းဥပဒေများနှင့်စည်းမျဉ်းဥပဒေများကိုလည်းလိုက်နာရမည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်က တောင်းဆိုသည့်အခါ၊ ဘဏ်သည်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏ရုံးခွဲ၊သို့တည်းမဟုတ် ကိုယ်စားလှယ်ဌာန မရှိသောအရပ်ဒေသများတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရမည်။

ဘဏ် တည် ထောင် သည့် ကုန်ကျစရိတ်များ။

၂၃။ ။(၁) ပြည်ထောင်စုအစိုးရသည်၊ ဘဏ်တည်ထောင်ရာတွင် ရှေးဦးကုန်ကျသည့်စရိတ်အားလုံးကို ကျခံရမည်။

(၂) ဘဏ်ရုံးခွဲများ လွယ်ကူစွာတည်ထောင်နိုင်စေရန်အလို့ငှါ၊ ပြည်ထောင်စုအစိုးရက ပဌမတည်ထောင်သည့်ရုံးခွဲဆယ်ရုံးအတွက် တရုံးလျှင် ကျပ် သုံးသောင်းစီထုတ်ပေးရမည်။ ထိုပဌမရုံးခွဲဆယ်ရုံးကို လုပ်ငန်းဆောင်ရွက်ရန်အသီးသီးဖွင့်လှစ်သည့်အခါ၊ ထိုငွေကိုထုတ်ပေးရမည်။

စာရင်းစစ်များ။

၂၄။ ။(၁) ဘဏ်၏ငွေစာရင်းများကို နိုင်ငံတော် သမတ ကခန့်ထားသည့် စာရင်းစစ်များက တနှစ်လျှင်အနည်းဆုံးတကြိမ်ကျ စစ်ဆေးရမည်။

ခြွင်းချက်။ ။သို့ရာတွင် ကိုယ်ပိုင်အစုရှယ်ယာစုစုပေါင်းမှာ၊ဘဏ်တွင်ထည့်ဝင်ပြီး စုစုပေါင်း မ,တည်ငွေရင်း၏ရာခိုင်နှုန်း ငါးဆယ်ထက်ပိုလျှင်၊ စာရင်းစစ်များကို အစုရှင်အစည်းအဝေးကြီးက၊ နိုင်ငံတော် သမတ ၏သဘောတူညီချက်အရ ခန့်ထားရမည်။

(၂) ဒါရိုက်တာအဖြစ်ဖြင့်သော်၎င်း၊ ဘဏ်ရာထမ်းမှုထမ်းအဖြစ်ဖြင့်သော်၎င်း၊ ရာထူးဆက်လက်ထမ်းရွက်နေသူ မည်သူတဦးတယောက်ကိုမျှ၊ သို့တည်းမဟုတ် မည်သည့်အစုရှင်ကိုမျှ ဘဏ်၏စာရင်းစစ်အဖြစ် မခန့်ထားစေရ။

(၃) စာရင်းစစ်များ၌ ဘဏ်၏စာရင်းစာအုပ်များ၊ ငွေစာရင်းများနှင့် အခြားစာမှတ်စာတမ်းများကို ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိရမည့်ပြင်၊ မိမိတို့၏တာဝန်ဝတ်တရားများကိုကောင်းမွန်စွာဆောင်ရွက်ရန် လိုအပ်သည့်အကြောင်းအရာကိုလည်း၊ဒါရိုက်တာတဦးဦးထံမှဖြစ်စေ၊ ဘဏ်ရာထမ်းမှုထမ်းတဦးဦးထံမှဖြစ်စေ ရယူပိုင်ခွင့်ရှိရမည်။

(၄) ဘဏ်စာရင်းစစ်များ၏ အာဏာများနှင့် တာဝန်ဝတ်တရားများကို၊ နိုင်ငံတော် သမတ က နိုင်ငံတော်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ပြဋ္ဌာန်းရမည်။

(၅) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်ကိုမထိခိုက်စေဘဲ၊ နိုင်ငံတော် သမတ သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကိုဖြစ်စေ၊ မိမိသင့်တော်သည်ထင်မြင်သော အခြားသူတဦးတယောက်ကိုဖြစ်စေ၊ ဘဏ်၏ငွေစာရင်းများကို စစ်ဆေး၍အစီရင်ခံရန် အချိန်မရွေးညွှန်ကြားနိုင်သည်။

အစီရင်ခံစာများ။

၂၅။ ။ဘဏ်သည်၊ မိမိ၏နှစ်ချုပ်စာရင်းပိတ်သည့်နေ့မှ နှစ်လအတွင်း၊ ထိုနှစ်ချုပ်စာရင်းမိတ္တူတစောင်ကို၊ ဆိုင်ရာနှစ်အတွင်းဆောင်ရွက်သော ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဘဏ်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်အတူ၊ နိုင်ငံတော် သမတ ထံပေးပို့ရမည်။ ထိုသို့ပေးပို့သောနှစ်ချုပ်စာရင်းမိတ္တူကို၊ ဘဏ်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် ဘဏ်အထွေထွေမန်နေဂျာတို့က လက်မှတ်ရေးထိုးရမည့်ပြင်၊ စာရင်းစစ်များကလည်း မှန်ကန်ကြောင်းသက်သေခံ

လက်မှတ်ရေးထိုးရမည်။ နိုင်ငံတော် သမ္မတ သည်၊ ထိုနှစ်ချုပ်စာရင်းနှင့် အစီရင်ခံစာကို၊ ပြန်တမ်းတွင်ကြေညာစေရမည်။

၂၆။ ။(၁) အစုရှင်အစည်းအဝေးကြီးကို တနှစ်လျှင်အနည်းဆုံး တကြိမ်ကျ ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အချိန်နှင့် နေရာတွင်ကျင်းပရမည်။

အစုရှင်အစည်းအဝေးများ။

(၂) အထူးအစည်းအဝေးများကို၊ ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အချိန်နှင့်နေရာတွင် ကျင်းပနိုင်သည်။

(၃) ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ အစည်းအဝေးကြီးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ၊ ကျင်းပမည့်အခါတိုင်း၊ အစည်းအဝေးမကျင်းပမီ အနည်းဆုံးဆယ်ရက်လုံးလုံးကြိုတင်၍၊ အစုရှင်များအား၊ အစည်းအဝေးကျင်းပမည့်နေရာနှင့် အချိန်နာရီကိုဎင်း၊ ဆောင်ရွက်ရန်ရှိသည့် အလုပ်ကိစ္စသဘောကိုဎင်း၊ သီးခြားဖေါ်ပြကာ အကြောင်းကြားရမည်။

(၄) အစုရှင်အသီးသီး၌၊ အစည်းအဝေးသို့ မိမိကိုယ်တိုင်တက်ရောက်လျှင်၊ သို့တည်းမဟုတ် မိမိ၏ကိုယ်စားလှယ်အား တက်ရောက်စေလျှင်၊ မိမိမှတ်ပုံတင်ပိုင်ရှင်ဖြစ်သည့် အစုရှယ်ယာအသီးသီးအတွက် မဲတမဲစီပေးနိုင်ခွင့်ရှိရမည်။

(၅) ပြည်ထောင်စုအစိုးရသည်၊ ဘဏ်အစုရှင်ဖြစ်နေသမျှကာလပတ်လုံး၊ အစုရှင် အစည်းအဝေးသို့တက်ရောက်ရန် အစိုးရကိုယ်စားလှယ်ကို၊ နိုင်ငံတော် သမ္မတ က ခန့်ထားရမည်။

၂၇။ ။နိုင်ငံတော် သမ္မတ သည်၊ အက်ဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေများ။

၂၈။ ။ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် လွယ်ကူစေသော စည်းမျဉ်းဥပဒေများကို အက်ဥပဒေနှင့် အက်ဥပဒေအရပြုသောနည်းဥပဒေများနှင့်အညီ ပြုနိုင်သည်။

စည်းမျဉ်းဥပဒေများ။

ပ၊မိ၊ဗ၊စ၊—အမှတ် ၁၃၄၊ တရားရေးဝန်ကြီးဌာန၊ ၁၄-၅-၅၄—၂,၀၀၀—၂၊